ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့ (22-2-2011) (ဖ၆၈၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ

ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စု လွှတ်တော် နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စု လွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အထမြောက်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၈)ဦး ရှိသည့်အနက် (၆၅၄)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၃၉) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်အား ခန့်အပ်တာဝန်ပေးသင့်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၂-၂-၂၀၁၁
(အင်္ဂါနေ့)

ပို့ဆောင်သွားလာမှု အကျိုးပြုတံတားသစ်များ

နိုင်ငံတစ်ဝန်း၌ လမ်းသစ်များ ဖောက်လုပ်၍ တံတားသစ်များ တည်ဆောက်နေသည်။ လမ်း၊ တံတားသစ်များ ပေါ်ထွက်လာမှုနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ ဆက်စပ်သွားလာနိုင်ကြပြီ။ ကူးသန်းဆက်သွယ်သွားလာမှုလွယ်ကူလျက်ရှိရာ ဒေသအလိုက် ကုန်သွယ်စီးပွားလုပ်ငန်းများ တိုးတက်မှုမြန်ဆန်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ် တည်ဆောက်နေသည်။ လမ်း၊ တံတားများ ကောင်းမွန်ကြံ့ခိုင်နေစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရပေမည်။ မိုးရာသီအတွင်း အချို့လမ်းသားများ ရေတိုက်စား၍ပျက်စီးခဲ့ရာ တစ်ဆက်တစ်စပ်တည်း သွားလာရေး အခက်အခဲများ ကြုံတွေ့ကြရသည်။ မြေသားလမ်းမှ ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှ ကတ္တရာလမ်းတို့အဖြစ် အဆင့်ဆင့်မြှင့်တင်ပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသောဒေသများပင် ဖွံ့ဖြိုးစည်ပင်လာနေပြီ ဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းသည် အဓိကအရေးပါသဖြင့် လမ်းပေါင်းများစွာကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်သည်။ လမ်းသစ်များနှင့်အတူ မြစ်ကူးတံတားသစ်များစွာကိုလည်း တိုး၍တည်ဆောက်ပေးနေဆဲ ဖြစ်သည်။ အကျိုးရလဒ်အဖြစ် ကုန်းမြင့်တောင်တန်း ရောပြွန်းဆက်စပ်တည်ရှိနေသည့် ဒေသများတွင် တိုင်းရင်းသားချင်းအနေနီး၍ ခရီးပေါက်စေမည့်လမ်းသစ်များ ပေါ်ထွက်လာနေပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ပြည်ညောင်တံတားကို ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်လိုက်သည်။ ယာဉ်နှစ်လမ်းသွားလမ်း ပေ၂၀၀ ရှည် သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။

ပြည်ညောင်တံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် (၂၅၇) စင်းမြောက် တံတားဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း (၁၅) စင်းမြောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်ရာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအကျိုးပြုနိုင်မည် ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း ပြည်ညောင်တံတားအပါအဝင် တံတားသစ်များစွာ တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသထွက်ကုန်များကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ပေးနိုင်ကြပေပြီ။ လမ်း၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ်တည်ဆောက်ပြီးစီး၍ အခြေခံလမ်းကွန်ရက်များ ကောင်းမွန်လာမှုနှင့်အတူ ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားမြင့်မားမှုများ ပိုမိုဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။ ။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက် ဝယ်ယူဆောက်လုပ်ရန်အတွက် အခန်းအမှတ်(၃၀၆) တိုက်အမှတ် (၇) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ လိပ်ကန်လမ်း ပုဇွန်တောင်မြို့နယ်နေ အသင်းအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဘသန်း၊ ဒေါ်သန်းမြင့်မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ နာယကဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တောင်ငူတပ်နယ် နယ်မြေခံ တပ်ရင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် သဲဖြူကျေးရွာ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဧရာဝတီတံတား (ညောင်တုန်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ဧရာဝတီတံတား (ညောင်တုန်း) သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားသံပေါင်နှင့် ရွှေ့လျားကရိန်းများ ရောက်ရှိမှုနှင့် သံပေါင်များ တပ်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လုပ်ငန်းဆိုင်ရာများကို မှာကြားပြီး ကြိမ်ပင်ဆည်-စက္ကော့-ခနဲဖြူ-ဇလွန်လမ်းနှင့် ဟင်္သာတ-ဇလွန်လမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဧရာဝတီတံတား (ညောင်တုန်း) သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

PEP Family Photo Contest -2011 မိသားစုဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Red Horse Industrial Group က ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော PEP Full Cream Milk Powder နှင့် Low Fat Milk Powder တို့၏ ကျန်းမာပျော်ရွှင်သောမိသားစု ဓာတ်ပုံပြိုင်ပွဲ PEP Family Photo Contest-2011 ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Traders Hotel Myanmar Ball Room ခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ Red Horse Industrial Group က အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းထွန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဆုရဓာတ်ပုံဆရာများနှင့် ဓာတ်ပုံသရုပ်ဆောင်မိသားစုများ တက်ရောက်ကြသည်။

PEP နို့မှုန့်စားသုံးသူ မိသားစုများအား ဂုဏ်ပြုသည့်အနေဖြင့် Red Horse Industrial Group က နှစ်စဉ်မိသားစု ဘဝပျော်ရွှင်ကြည်နူးပုံများကို ဖော်ကျူးလျက် ဓာတ်ပုံအနုပညာနှင့် မိသားစုများ၏ စွမ်းဆောင်ရည် (Performance) ကို ထုတ်ဖော်ဂုဏ်ပြုလိုသည့်အတွက် PEP Family Photo Contest-2011 ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် Red Horse Industrial Group မှတာဝန်ရှိသူများက ဆုရရှိသူဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံသရုပ်ဆောင် မိသားစုများအား ဆုများပေးအပ်ချီးမြှင့်ကာ ပရဟိတအသင်းအဖွဲ့များအား အလှူငွေပေးအပ်၍ ကံစမ်းမဲများ ဖွင့်ကြသည်။

PEP Family Photo Contest-2012 ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း New Product အဖြစ် ထုတ်လုပ်ဖြန့်ချိခဲ့သော PEP Low Fat သည် Skin Milk Powder အမျိုးအစားဖြစ်၍ ကျန်းမာရေး ညီညွတ်ကာ နို့နေ့စဉ်သောက်သုံးပြီး မလိုအပ်သော ကယ်လိုရီများ လျှော့ချခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေလိုသော ကျန်းမာရေး လိုက်စားသူများနှင့် သက်ကြီးရွယ်အိုများအတွက် အရိုးများနှင့် သွားများကို ခိုင်မာသန်စွမ်းစေခြင်းအပြင် လူမမာများအတွက် နေ့စဉ်လိုအပ်သော အာဟာရတန်ဖိုးများအပြည့်အဝ ပေးစွမ်းနိုင်သည့် နယူးဇီလန်နိုင်ငံမှ မူရင်းနို့မှုန့်ကို ကောင်းမွန်စွာ ထုတ်လုပ်မှုကျင့်စဉ် (GMP) နှင့်အညီ ထိန်းချုပ်ထုတ်လုပ်ထားသော နို့မှုန့်ဖြစ်သဖြင့် ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ကြောင်း သိရသည်။

PEP Low Fat Skin Milk နှင့် PEP Full Cream Milk Powder နို့မှုန့်များကို (20)gm, (200)gm, (400)gm & (500)gm အရွယ်အစား အမျိုးမျိုးထုတ်လုပ်ထားပြီး အမြို့မြို့ အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် တိုက်ရိုက်မှာယူလိုပါက Red Horse Industrial Group ဖုန်း-၀၁-၅၄၁၁၂၄ နှင့် ၅၅၃၃၆၆တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

PEP Family Photo Contest -2011 မိသားစုဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူ ဓာတ်ပုံသရုပ်ဆောင် မိသားစုအား MD ဦးထွန်းထွန်း ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

လယ်ဝေးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ပြန်ကြားရေးမှူး ပျဉ်းမနားဦးမြင့်လှိုင်က မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)အမှုဆောင် ဦးမျိုးမြင့်လေးက ဥက္ကဋ္ဌ ဦးလှအောင် (ကိုကိုအောင်)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြမြအေး၊ အတွင်းရေးမှူး ဦးမောင်မောင်လေးနှင့် အဖွဲ့ဝင်များပါဝင်သော မြို့နယ်ဂီတအစည်းအရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ဖေဖော်ဝါရီ ၄ ရက်က ကလေးမြို့ နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲတွင် ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

တင်ပြ

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၆ တို့နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဦးလွန်းမောင်အား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အရည်အချင်းနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်း၏ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ကြေညာ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒသမနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ “ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးတွင် ပင်လယ်ကမ်းခြေပုံစံနှင့် အဆင့်မြင့်ဟိုတယ်တည်ဆောက်၊ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ဂျပန်ကလည်း ရင်းနှီးမြှုပ်နှံမည်၊ လူကြိုက်များသော 100 Plus အချိုရည်စက်ရုံ ပြည်တွင်း၌ တည်ဆောက်မည်၊ ဆီဒင်ထုတ် နှစ်ထပ်ကားကြီးများဖြင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးခရီးစဉ်များ ပြေးဆွဲရန်စီစဉ်၊ အစ္စရေးက မြန်မာနိုင်ငံတွင် ပထမဆုံးရင်းနှီးမြှုပ်နှံမည်၊ မြန်မာကုန်သည်/စက်မှု အသင်းချုပ်ရုံးခွဲ ရှန်ဟိုင်းမြို့၌ ဖွင့်မည်၊ ကျပ်ငါးသိန်းတန် GSM ဖုန်း တစ်ရက်လျှင် လျှောက်လွှာ ၂၀၀ လက်ခံဆောင်ရွက်ပေးနေ၊ မြန်မာ ၁၁ ဦးပါ သင်္ဘောအား ဆိုမာလီဓားပြများလက်မှ တောင်ကိုရီးယားရေတပ် ကယ်တင်ခဲ့ပုံကို ဒေါ်လာ ၁၈ သန်းအကုန်ခံ၍ ရုပ်ရှင်ရိုက်မည်၊ အင်တာနက်သုံး မိုဘိုင်းဖုန်းများဖြင့် အဆောက်အအုံများ၏ အန္တရာယ်ကို ကြိုတင်သိနိုင်၊ e-Cinema စနစ်ဖြင့် ခိုးကူးခွေပြဿနာကို ကာကွယ်နိုင်မည်၊ ဗြိတိန်က မြန်မာနိုင်ငံကို လေးနှစ်အတွင်း ပေါင် ၁၈၅ သန်း တိုးမြှင့်ကူညီမည်၊ ဂျပန်က ကမ္ဘာ့အမြန်ဆုံးကျည်ဆန်ရထား တည်ဆောက်မည်၊ ရောမမြို့အနှံ့စုံလင် တဒင်္ဂခရီးစဉ်၊ တရုတ်က ဂျပန်ကိုကျော်လွန်ကာ ကမ္ဘာ့ဒုတိယမြောက် စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်လာ၊ တရုတ်ကပနားမားတူးမြောင်းကို ပြိုင်ဆိုင်ရန် ကိုလံဘီယာ၌ အတ္တလန္တိတ်နှင့် ပစိဖိတ်ကမ်းရိုးတန်းတို့ကို ဆက်သွယ်မည့်ရထားလမ်း ဖောက်လုပ်ပေးမည်၊ လေအားဖြင့် သွားသောကားဖြင့် မိုင် ၃၀၀၀ ကျော် ခရီးနှင်ခဲ့” စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် ရာဇသင်္ဂဟလမ်းနှင့် သီရိကျော်စွာလမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အစီအစဉ်အရ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်ဘဏ်များမှ မန်နေဂျာများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်ဘဏ်များမှ မန်နေဂျာများဦးဆောင်၍ ဝန်ထမ်းအဆင့်အတန်းအားလုံး ဒေသစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စိတ်စေတနာကောင်းဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဆက်လက်ဆောက်ရွက်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး သုံးသပ်ချက်နှင့်တကွ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများနှင့် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်ဘဏ်များမှ မန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ကျင်းပမည်

အဆိုပါ လုပ်ငန်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်အထိ နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ပြည်နယ်/ တိုင်းဒေသကြီးနှင့် ခရိုင်ဘဏ်များမှ မန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမှန်ကန် မြန်ဆန်စေရေး၊ ပိုမိုထိရောက်ထက်မြက်စေရေးနှင့် ဒေသဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။



အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၅)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားရာ၌ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှ တစ်ဆင့် ခိုင်မာတောင့်တင်းစေရန် တိုးတက်တည်ဆောက်သွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရှေးရှုပြီး တစ်ဆင့်ပြီးတစ်ဆင့် စနစ်ကျမှန်ကန်စွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအဆင့်မီမီ လုပ်ငန်းကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်နိုင်ရန် အပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးပြုနိုင်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်အဝင့် ပြောကြားခဲ့သည်။

ဘဏ်လုပ်ငန်းဆိုင်ရာ

ထို့နောက် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၅)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အာဖဂန်နစ္စတန် မြောက်ပိုင်း၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား အနည်းဆုံး လူ ၃၀ သေဆုံး၍ ၄၀ ဒဏ်ရာရရှိ

ကဘူး ဖေဖော်ဝါရီ ၂၁

အာဖဂန်နစ္စတန်မြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်ရှိ အစိုးရရုံးဌာနတစ်ခု၏ အဝင်ဝ၌ အသေခံဗုံးခွဲသမားတစ်ဦးက တနင်္လာနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၃၀ သေဆုံးကြောင်း သတင်းများတွင်ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူအများစုသည် အစိုးရ စာရွက်စာတမ်းများနှင့် အသိအမှတ်ပြုကတ်များရယူရန် စောင့်ဆိုင်းနေသူများဖြစ်ကြောင်း ကန်ဒုဇ်ပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုသည် ကန်ဒုဇ်ပြည်နယ် အီဖန်ဆာဟစ်ခရိုင်၌ တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ အနည်းဆုံး ၄၀ ခန့်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

တာလီဘန်များ၊ အယ်လ်ခိုင်ဒါများနှင့် ဟက်ကာနီ ကွန်ရက်အပါအဝင် အခြားသော စစ်သွေးကြွတိုက်ခိုက်ရေးသမားများ ခိုအောင်းရာအဖြစ် ကျော်ကြားသော အာဖဂန်မြောက်ပိုင်းဒေသ၌ မကြာသေးမီလများမှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

ကန်ဒုဇ်ပြည်နယ် အသေခံဗုံးခွဲတိုက်ခိုက်မှုမဖြစ်ပွားမီ နှစ်ရက်ကလည်း တာလီဘန် အသေခံဗုံးခွဲသမား အမြောက်အမြားက အာဖဂန်နစ္စတန်အရှေ့ပိုင်း ဂျာလာလာဘတ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ရာ ၃၈ ဦး သေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရခဲ့သည်။

ဗုံးဖောက်ခွဲမှုတွင် ဒဏ်ရာရရှိခဲ့သော သားဖြစ်သူကို မိခင်ဖြစ်သူက ကြင်နာစွာ နှစ်သိမ့်အားပေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဤသို့သော သွေးချောင်းစီးဖြစ်ရပ်သည် သူရဲဘောကြောင်သော အကြမ်းဖက်သမားတို့၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ ပြင်းထန်စွာရှုတ်ချကြောင်း အာဖဂန်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဝါဟစ်အိုမာက ပြောကြားခဲ့သည်။ **အင်တာနက်။**

လူဇုန်ကျွန်းရှိ မီးတောင် ၂၄ နာရီအတွင်း နှစ်ကြိမ်ပေါက်ကွဲ

လူဇုန် ဖေဖော်ဝါရီ ၂၁

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းရှိ ဘူလူဆန်မီးတောင်သည် ၂၄ နာရီအတွင်း ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားပြီးနောက် ဖိလစ်ပိုင် မီးတောင်ပညာရှင်များက သတိပေးချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း မီးတောင်လေ့လာစောင့်ကြည့်ရေး အေဂျင်စီက ထုတ်ပြန်သည့် သတင်းလွှာ၌ ယနေ့ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါ မီးတောင်ပေါက်ကွဲမှုများမှာ မီးတောင်ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွက် အနည်းငယ်မျှသာ စိုးရိမ်ရဖွယ်ရှိကြောင်း ဖိလစ်ပိုင် မီးတောင်နှင့် မြေငလျင် အင်စတီကျူက သတင်းပေးသည်။ ကျေးရွာအများစုမှာ အန္တရာယ်ဒေသဖြစ်သော မီးတောင်ပတ်လည် လေးကီလိုမီတာ (နှစ်မိုင်ခွဲ)၏ အပြင်ဘက်တွင် တည်ရှိကြောင်း သတင်းလွှာ၌ ဖော်ပြထားသည်။

ဘူလူဆန်မီးတောင်သည် မကြာမီထပ်မံပေါက်ကွဲမည်ဟု မယူဆနိုင်ကြောင်း ဖိလစ်ပိုင် မီးတောင်ပညာရှင်များက ပြောကြားသည်။ အဆိုပါ မီးတောင်သည် မြို့တော်မနီလာ၏ အရှေ့တောင်ဘက် ၁၅၅ မိုင်အကွာ၌ တည်ရှိသည်။

အင်တာနက်။

ဘရာဇီးနိုင်ငံ ကမ်းရိုးတန်းတစ်နေရာတွင် တင်ကျန်နေသော Alexandrium Catenella ရေညှိများ။

ရာသီဥတုပြောင်းလဲမှုကြောင့် ဒီရေနီများ ရှင်သန်ပေါက်ပွားသည့် ရာသီ ပိုမိုကြာမြင့်လာဖွယ်ရှိ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၁

ရာသီဥတု ပြောင်းလဲမှုကြောင့် ၂၀၄၀ ခုနှစ်ထက် နောက်မကျဘဲ အဆိပ်ရှိရေညှိပင်များ ပင်လယ်သမုဒ္ဒရာများအတွင်း ရှင်သန်ပေါက်ပွားမှုရာသီ ကြာမြင့်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း လေ့လာချက်တစ်ရပ်၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။

သမုဒ္ဒရာနှင့် ရာသီဥတုဆိုင်ရာ အနာဂတ်ပုံစံများကို သိရှိနိုင်ရန် အမေရိကန်ပြည်ထောင်စု အမျိုးသားသမုဒ္ဒရာနှင့် လေထုလွှာစီမံခန့်ခွဲရေးအေဂျင်စီမှ သုတေသနပညာရှင်များသည် ခေတ်အမီဆုံးနည်းပညာရပ်များ အသုံးပြုကာ Alexandrium Catenella ခေါ် ရေညှိပင်တစ်မျိုးကို လေ့လာခဲ့ကြသည်။

“ဒီရေနီ”ဟု အများအားဖြင့် ညွှန်းဆိုလေ့ရှိသော Alexandrium Catenella ရေညှိပြင်ကြီးများသည် အခွံမာရှိသော ရေသတ္တဝါများ၌ Saxitoxin အဆိပ်ပါဝင်မှုနှုန်းကို ပိုမိုမြင့်မားစေသည်။

Saxitoxin အဆိပ်ပါဝင်မှုနှုန်းမြင့်မားသော ခရုကဲ့သို့ အခွံမာရေသတ္တဝါများကို စားသုံးမိသည့် လူသားများအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကြုံတွေ့နိုင်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က ထုတ်ပြန်သော အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ရေညှိရှင်သန်ပေါက်ပွားမှုရာသီ ကြာမြင့်ခြင်းကြောင့် အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်ရှိ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ခန့်ဖြင့်လည်ပတ်နေသော အခွံမာရေသတ္တဝါ ဖမ်းဆီးရေးလုပ်ငန်းများကို ထိခိုက်မှုဖြစ်စေနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ။

အာဖဂန်အရှေ့မြောက်ပိုင်း စစ်ဆင်ရေးများအတွင်း အရပ်သား ၆၄ ဦး သေဆုံးခဲ့သည်ဆိုမှု နေတိုးတပ်ဖွဲ့ စုံစမ်းစစ်ဆေး

ကဘူး ဖေဖော်ဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတစ်ခု၌ နေတိုးတပ်ဖွဲ့များ ပြုလုပ်ခဲ့သော မြေပြင်နှင့် ဝေဟင် စစ်ဆင်ရေးများအတွင်း အရပ်သား ၆၄ ဦး သေဆုံးခဲ့ရသည်ဟူသော သတင်းများ ထွက်ပေါ်လာရာ ယင်းပြဿနာကို စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ကို နေတိုးတပ်ဖွဲ့က ကူနာပြည်နယ်သို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

သေဆုံးခဲ့

ကူနာပြည်နယ် ဂါဇီအဘတ်ဒေသ၌ နေတိုးတပ်ဖွဲ့များ လွန်ခဲ့သည့်လေးရက်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးများအတွင်း အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၀ နှင့် ကလေး ၂၉ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ပြောကြားသည်။

နေတိုးတပ်ဖွဲ့များ၏ စစ်ဆင်ရေးများအတွင်း အရပ်သားများ သေဆုံးရသည်ဟူသော စွပ်စွဲမှုများကို မိမိတို့ အလေးအနက်ထား ကိုင်တွယ်ကြောင်း နေတိုးတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ စစ်သွေးကြွ သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများ မကြာသေးမီလများမှစ၍ မြင့်တက်ခဲ့ရာ အာဖဂန် အရပ်သားများ သေဆုံးမှုနှုန်းထားသည်လည်း မြင့်တက်လာကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၀ ခုနှစ် ပထမ ၁၀ လတာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ရေးပဋိပက္ခများနှင့် ဆက်နွှယ်၍ အာဖဂန်အရပ်သား ၂၄၁၂ ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ယင်းသို့ သေဆုံးခဲ့ရသည့် အရပ်သားများအနက် သုံးပုံနှစ်ပုံသည် စစ်သွေးကြွလှုပ်ရှားမှုများကြောင့် ဖြစ်ပြီး ၂၀၀၉ ခုနှစ် ပထမ ၁၀ လတာကာလနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

စွမ်းဆောင်ရည်အားနည်း

အာဖဂန်စစ်ပွဲအတွင်း အရပ်သားသေဆုံးမှု မြင့်မားနေခြင်းသည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်အားနည်းမှုနှင့်လည်း သက်ဆိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အေပီ။

ကူနာပြည်နယ်အတွင်း ပြုလုပ်ခဲ့သော နေတိုးတပ်ဖွဲ့၏ လေကြောင်းထိုးစစ်တွင် ဒဏ်ရာရခဲ့သော ကလေးတစ်ဦးကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။

တရုတ်အရှေ့ပိုင်း၌ ခုံးကျော်တံတား ပြိုကျ

ဟန်ကျိုး ဖေဖော်ဝါရီ ၂၁

တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ်၌ ဖေဖော်ဝါရီ ၂၁ ရက်က ခုံးကျော်တံတားတစ်စင်း ပြိုကျခဲ့ရာ ကုန်တင်ကားလေးစီးမှောက်သွားခဲ့ကြောင်း၊ သေဆုံးသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ရှန်ကျူးမြို့ရှိ အဝေးပြေးလမ်းတစ်လမ်းနှင့် အမှတ် ၁၀၄ အမျိုးသားအဝေးပြေးလမ်းမကြီးကို ဆက်သွယ်ထားသည့် မီတာ ၁၂၀ ရှည်သော ခုံးကျော်တံတားသည် နံနက် ၃ နာရီခန့်၌ ပြိုကျခဲ့ကြောင်း ရှန်ကျူးမြို့အစိုးရပြန်ကြားရေးရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

မြေပြင်မှ ခုနစ်မီတာမြင့်သည့် ယင်းခုံးကျော်တံတား ပြိုကျချိန်တွင် တံတားပေါ်၌ ကျောက်မီးသွေးတင် ထရပ်ကားလေးစီး ရှိနေကြောင်း ကြေညာချက်တွင် ပါရှိသည်။

ဒဏ်ရာရရှိသွားသော အဆိုပါ ထရပ်ကားမောင်းသူများကို ဆေးရုံသို့တင်ပို့ထားပြီး သုံးဦး၏ဒဏ်ရာမှာ မကြီးမားသော်လည်း ကျန်တစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရဖွယ်အနေအထားရှိသည်ဟု ဆိုသည်။

အမှတ် (၁၀၄) အမျိုးသားအဝေးပြေးလမ်းမကြီးတွင် မော်တော်ယာဉ်များမောင်းနှင်မှုကို ပြန်လည်ခွင့်ပြုပြီး ယင်းသို့ တံတားပြိုကျရခြင်း၏ အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

ခုံးကျော်တံတား ပြိုကျသဖြင့် ကုန်တင်ကားများ တိမ်းမှောက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သောင်းကျန်းသူများ တိုက်ခိုက်မှုကြောင့် ထိုင်းတောင်ပိုင်း၌ ၁၇ ဦး ဒဏ်ရာရ

ပတ္တာနီ(ထိုင်း) ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကာရာအိုကေ စားသောက်ဆိုင်တစ်ဆိုင်ကို သောင်းကျန်းသူများဟု ယူဆရသူများက ကားဗုံးခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ရာ အနည်းဆုံး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ စနေနေ့ညတွင် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

စားသောက်ဆိုင်ကို ပစ်ခတ်သည့်ဖြစ်စဉ်တွင် အမျိုးသမီးအလုပ်သမားနှစ်ဦး ဒဏ်ရာရရှိကြောင်း ရဲအရာရှိတစ်ဦးကပြောသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ယင်းတိုက်ခိုက်မှု ဖြစ်ပွားရာနေရာကို ကြည့်ရှုစစ်ဆေးနေစဉ် ကိုက် ၁၀၀ ခန့်အကွာ၌ ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါပေါက်ကွဲမှုတွင် လူငယ်သုံးဦး၊ အမျိုးသမီးငယ်တစ်ဦးအပါအဝင် ၁၅ ဦး ဒဏ်ရာရရှိ၍ ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်လေးဆိုင်၊ မော်တော်ဆိုင်ကယ် တစ်ဒါဇင်နှင့် ထရပ်ကားများ ပျက်စီးခဲ့သည်ဟု ဆိုသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှစ၍ သောင်းကျန်းသူများ ထကြွခဲ့ရာ လူပေါင်း ၄၃၀၀ကျော် သေဆုံးခဲ့ရသည်။ **အေပီ။**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း အိမ်မဲမြစ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်(လှိုင်သာယာ)-ပုသိမ်(ဘဲဂရက်)ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်(လှိုင်သာယာ) -ပုသိမ် (ဘဲဂရက်)ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ညောင်တုန်း-ဆားမလောက်-လှိုင်သာယာလမ်းပိုင်းရှိ ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)အဆင်းလမ်းရှိ ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာအနီး၌ ရှမ်းစုဘူတာယာဒ်ဝင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်တုန်း-ဆားမလောက်-လှိုင်သာယာ လမ်းပိုင်းရှိ ညောင်တုန်းမြို့နယ် အင်းစုကျေးရွာအနီး ထိပ်ဝကြီးအင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ညောင်တုန်းမြို့နယ် စကွေ့ကျေးရွာအနီး၌ စက်ယန္တရားများဖြင့် စကွေ့ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်းဆောင်ရွက်မှုနှင့် စကွေ့ဘူတာ တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ ညောင်တုန်း - စကွေ့ဘူတာအကြား၌ စက်ယန္တရားများဖြင့် မြေသားတာပေါင်များဆောင်ရွက်နေမှုကို လည်းကောင်း၊ အိမ်မဲမြို့အနီး အိမ်မဲဘူတာ တည်ဆောက်နေမှုကိုလည်းကောင်း၊ အိမ်မဲမြို့ စီမံကိန်းရုံးအနီး၌ တံတားလုပ်ငန်း အသုံးပြုရန် PC Girder များပြုလုပ်ထားရှိမှုကို လည်းကောင်း၊ ရထားလမ်းအောက်မှ အိမ်မဲ-ကျောင်းကုန်း ကားလမ်းဖြတ်သန်းမည့် Under Pass တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ အိမ်မဲမြို့အနီး အရှည် ၉၃၃ ပေရှိ အိမ်မဲမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားဘောင်တင်ခြင်းလုပ်ငန်းနှင့် PC Girder များတင်နေမှုကိုလည်းကောင်း၊ ဒါးက-အိမ်မဲကားလမ်း၌ ရထားလမ်း အဆင်ပြေစွာ ဖြတ်သန်းနိုင်ရန် Under Pass တံတားတည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အိမ်မဲမြို့ ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးလင်းခိုင်ဌေးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ တံတားအထူးအဖွဲ့မှ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက အိမ်မဲတံတားတည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကန်ကြီးထောင့်မြို့နယ် ဆင်ဂေါင်းဘူတာအနီး၌ သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သံလမ်းလုပ်သားများအား ထောက်ပံ့ငွေများပေးအပ်၍ RBE အထူးရထားဖြင့် ဆက်လက်ထွက်ခွာကာ ဆင်ဂေါင်းဘူတာနှင့် ဆပ်ကွင်းဘူတာအကြား၌ သံလမ်းခင်းကျင်းထားမှု အခြေအနေများကိုလည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာအနီး ဆပ်ကွင်းဘူတာ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရန်ကုန်(လှိုင်သာယာ)-ပုသိမ် (ဘဲဂရက်) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ အိမ်မဲ - ပုသိမ်(ဘဲဂရက်) ရထားလမ်းပိုင်းကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးပြည်တွင်းအခွန် ကွန်ပျူတာသင်တန်းဆင်း

မန္တလေး ဖေဖော်ဝါရီ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းရေးရာဌာနခွဲ ညွှန်ကြားရေးမှူးဦးညွန့်တင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)** (၄၆၉)

ဘိုးဘွားမိဘကျေးဇူးရှင်များနှင့် သားကြီး ကိုဇာနည်မောင်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးဇင်မြင့် (ဘကြီးဇင်)မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ရန်ကုန်သို့ ထာဝရဆွမ်းနှင့် ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘညာဏ် လက်ခံစဉ်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

ဖေဖော်ဝါရီ ၇ ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀ -၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် အံတော်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကိုကိုအောင် ကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်စာမေးပွဲ ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ ၂၀၁၁ ခုနှစ် မတ် ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား၊ ကျောင်းသူ(အတွင်းလူနာ)များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဒေါက်တာနေဇင်လတ်၏ လွှတ်လပ်ခြင်းနှင့်လွတ်လပ်စီးပွား သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ (၂) အမှတ်စဉ်(၆၇)ကို ယနေ့ဖြန့်ချိလိုက်သည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော် စစ်တွေမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပ၊ (၁၈၅)ကြိမ်မြောက် ကရင်ရိုးရာမီးပုံပွဲတော်ကျင်းပ၊ ကချင်မျိုးနွယ်စု လီဆူတိုင်းရင်းသားများ နှစ်သစ်ကူးရိုးရာပွဲတော် ပထမဦးဆုံးအကြိမ် ကျင်းပ၊ ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံသို့ ပေးအပ်နေသာ အကူအညီများကို ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကူညီသွားမည်၊ လေကြောင်းလိုင်းသစ်များ ပျံသန်းပြေးဆွဲရန်စီစဉ်၊ အပြည်ပြည်ဆိုင်ရာ ပညာရှင်များနှင့် မြန်မာပညာရှင်များက မြန်မာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်မည့် ရာသီဥတုဖြစ်စဉ်များကိုဆွေးနွေး၊ UMFCCI မှ တာဝန်ရှိသူများနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ၊ ပိုင်ရှင်ခွင့်ပြုချက်မရှိသော သီချင်းများအား အသွင်သဏ္ဌာန်ပြောင်းလဲ၍ အသုံးပြုပါက မူပိုင်ခွင့်အရ အရေးယူခံရနိုင်၊ ထားဝယ်ရေနက်ဆိပ်ကမ်း ဆောက်လုပ်နေသည့် မြန်မာလုပ်သားများ လစာတိုးမြှင့်ရရှိ၊ တော်ဝင်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ MPV အမျိုးအစား ဘယ်မောင်းကားစီးရေ ၁၀၀ ထုတ်လုပ်ခွင့်ရရှိ၊ ချင်းတွင်းမြစ်ကြောင်း ရှင်းလင်းသည့်အနေဖြင့် သဲသောင်ခုံများကို ရွှေတူးဖော်ခွင့် ပေးအပ်၊ ကျပ်ငါးသိန်းတန် တယ်လီဖုန်းနံပါတ်များ၏ရှေ့တွင် ၀၉ ထား၍ ခေါ်ဆိုရခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင်စတင်၊ ယာဉ်တိုက်မှုတိမ်းမှောက်မှုဖြစ်ပွားသည့် ခရီးသည်တင်ယာဉ်များ ဒဏ်ကြေးငွေပေးဆောင်ပြီးမှ ပြန်လည်ပြေးဆွဲခွင့်ပြုမည်၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် သဘောဆန္ဒတူညီသည့် အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု(တစည) ပါတီကပြောဆို၊ ဝင်ငွေနည်းသူများ နေထိုင်ရေးအဆင်ပြေစေဖို့ တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ၏ တန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ တရုတ်နိုင်ငံက ၎င်း၏အမျိုးသားရေးအကျိုးစီးပွားကာကွယ်ရန်အတွက် မည်သည့် တိုက်ပွဲကိုမဆိုတိုက်ခိုက်ရန် အသင့်ရှိ၊ ဂျပန်နှင့်အငြင်းပွားနေသော ကူရိုင်ကျွန်းပေါ်တွင် ရုရှားက ဒုံးပျံများ ချထားတော့မည်၊ တာလီဘန်သူပုန်တို့ထံဒုံးပျံရောင်းရန်ကြံသူများ စွဲချက်တင်ခံရပြီ၊ ဥရောပ၌အမေရိကန်တို့၏ နျူကလီးယားလက်နက် ၂၀၀ ရှိနေစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

၂၀၁၂ လန်ဒန်အိုလံပစ်ခြေစစ်ပွဲ(ပထမအကျော့)ယှဉ်ပြိုင်ရန် မြန်မာအိုလံပစ်ဘောလုံးအသင်း အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၂ လန်ဒန်အိုလံပစ် ခြေစစ်ပွဲ (ပထမအကျော့) ယှဉ်ပြိုင်ရန် မြန်မာအိုလံပစ်ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** ယင်းအိုလံပစ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်ကဆောင်ရွက်ပြီး နည်းပြချုပ်မှာ ဆာဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်ဖြစ်သည်။ မြန်မာအိုလံပစ်အသင်းသည် အိန္ဒိယအိုလံပစ်အသင်းနှင့် ဖေဖော်ဝါရီ ၂၃ရက်တွင် ခြေစစ်ပွဲ (ပထမအကျော့) ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ် ၉ ရက်တွင် (ဒုတိယအကျော့)ကို ရန်ကုန်မြို့၌ အိမ်ရှင်အဖြစ်လက်ခံ၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးသက်ထွန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)၌ရုံးထိုင်၍ တရားမအထူးအယူခံမှုငါးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့အပြင် ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေး ပုဒ်မ(၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုလေးမှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပို့တွဲ ထမနဲရာသီ

ကော့မှူး-သောင်းရွှေ

**"ပေါက်လဲဆူးပန်း၊ ကြိုင်မွှန်းပျံ့လ
ရာသီကုံလ၊ နက္ခတ်မာဃ၊ သာလတပို့တွဲ
လှူမြဲယာဂု၊ နွှေရောက်ပသော်"**

(နဝဒေး)

စာဆိုတော်နဝဒေးသည်ဆယ့်နှစ်ရာသီဘွဲ့ လူးတားများကို စပ်ဆိုခဲ့ရာတွင် တပို့တွဲလသည် ရာသီအားဖြင့် ကုံရာသီဖြစ်ပြီး ၎င်းလရာသီသို့ ရောက်သော် ပေါက်လဲဆူးပန်းများ လှိုင်လှိုင်ပွင့်ကြသည်ဖြစ်၍ ပေါက်လဲရနံ့များ ထုံမွှမ်းသင်းပျံ့နေသောလဖြစ်သည်ဟု ဖွဲ့ဆိုထား၏။

ပေါက်လဲပန်းဆိုသည်မှာ ပေါက်ပန်းနှင့်လဲပန်းကို ဆိုလိုခြင်းဖြစ်သည်။

ပေါက်ပန်းမှာ ပေါက်ပင်မှပွင့်သော ပန်းဖြစ်ပြီး အပွင့်မှာ ကျေးငှက်တို့၏ နှုတ်သီးအရောင်ပမာ နီရဲနေ၏။ သို့ဖြစ်၍ ပေါက်ပင်တွင် ကျေးငှက်တို့နားနေပါက ပေါက်ပွင့်နှင့် ကျေးငှက်တို့ ခွဲခြားမရအောင် တူနေပါသည်။

လဲပန်းမှာ လက်ပံပွင့်ပင်မှ ပွင့်သောပန်းဖြစ်၍ လဲပန်းဟုခေါ်ဝေါ်ကြ၏။ လက်ပံ သို့မဟုတ် လဲပင်သည် တပို့တွဲလတွင် နီရဲစွာ အစီအရီပွင့်ကြကုန်၏။ အပွင့်မှာ နီရဲသောအရောင်ရှိပြီး ၎င်း၏ဝတ်ရည်ချို၍ လက်ပံပွင့်လျှင် ကျေးငှက်မျိုးစုံတို့သည် ဝိုင်းအုံ၍ ဝတ်ရည်များကို စုပ်ယူလေ့ရှိ၏။ ထိုအထဲတွင် ဆက်ရက်ငှက်တို့မှာ အဆိုးဆုံး၊ အလွန်ကဲဆုံးဖြစ်သည်။ ထို့ကြောင့် "လက်ပံပင်ဆက်ရက်ကျရောက်သည်"ဟူသောစကား ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ထို့အပြင် တပို့တွဲလသည် ဆောင်းအခါသို့ ကျရောက်သည်ဖြစ်၍ တပို့တွဲလတွင် နှင်းများဖြိုင်ဖြိုင်ကျပြီး တပို့တွဲလအခါတွင် နှင်းတောထဲ၌ သွားလာသောသူများသည် နှာများစေးပြီး နှာရည်များကျတတ်၍ "နှာရည်ယို၍ တပို့တွဲ"ဟုလည်း ဆိုစမှတ်ပြုကြ၏။

အထူးသဖြင့် တပို့တွဲလသို့ရောက်လျှင် ဟိုရှေးမဆွကပင် တောင်သူလယ်သမားတို့သည် ရဟန်းသံဃာတော်တို့အား ယာဂုဆွမ်း ဆက်ကပ်လှူဒါန်းလေ့ရှိကြ၏။

ယာဂုဟူသည်မှာ ဆန်ပြုတ်ကိုပင် ယာဂုဟုခေါ်ဆိုခြင်းသာဖြစ်၏။ ဥတုဘောဇနသင်္ဂဟကျမ်း၌ ပေယျာနှင့် ယာဂုကိုတွဲဖက်ပြီး ဖွင့်ဆိုထား၏။

ဆန်ချိန်၏ ဆယ့်လေးဆရေထည့်၍ ဆန်လုံးကွဲအောင်ပြုတ်၊ ထမင်းလုံးနှင့်တကွ ပြုတ်၍ရသော အရည်ကို ပေယျာမည်၏။ သောက်ဖွယ်ဟု ဆိုလိုခြင်းဖြစ်သည်။ ပေယျာသည် အလွန်အစာကြေလွယ်၏။ ရေငတ်ခြင်း၊ အဖျား၊ လေနာတို့ကိုနိုင်၏။ ပေယျာတွင် ချင်းမှုန့်၊ သိန္ဓော၊ ငရုတ်ကောင်းတို့ခတ်၍ သောက်ရသည်ဖြစ်၍ လေ၊ ကျင်ကြီးတို့ကို အောက်သို့လည်စေ၏။ အစာမကြေခြင်း၊ ရင်ဘတ်နာခြင်းတို့ကိုနိုင်၏။ နှုတ်ကို မြိန်စေပြီး ဝမ်းချုပ်, လေချုပ်ကိုနိုင်၏။ ဆန်ခြောက်ကို ရေဆေးပြီး ဆန်လုံးအက်ကွဲအောင် ပြုတ်ကျိုလျှင် ယာဂုမည်ပေသည်။ ယာဂုသည် ဝမ်းမီးကိုကြေလွယ်စေ၏။ ရေငတ်ခြင်းကို နိုင်၏။ ဆီးကို ရှင်စေတတ်၏။ ပင်ပန်းနွမ်းနယ်ခြင်းကို ပျောက်၍ လန်းဆန်းစေပြီး အဖျားနာ၊ ဝမ်းပျက်နာတို့ကို ပျောက်စေ၏။

အမှန်စင်စစ် ပေယျာသည် ဆန်ပြုတ်ကျဲကျဲသာဖြစ်ပြီး ယာဂုဆိုသည်မှာ ဆန်ပြုတ်ပျစ်ပျစ်ပင်ဖြစ်၍ နှစ်မျိုးလုံးပင်သောက်ဖွယ်တို့ဖြစ်၍ ယာဂုဟုခေါ်ဆိုကြ၏။ ရဟန်းတော်တို့ ဝေါဟာရဖြင့်ကား ယာဂုဟုခေါ်ဆိုကြ၏။ ရဟန်းတော်တို့သည် ယာဂုဘုဉ်းပေးရာတွင် အကျိုးငါးပါးခံစားရ၏။

၁။ ဆာခြင်းကို ပျောက်စေ၏။
၂။ ငတ်မွတ်ခြင်းကို ပျောက်စေ၏။
၃။ လေကိုအောက်သို့ သက်စေ၏။
၄။ ဆီးအိမ်စည်ပေါင်းကို သုတ်သင်တတ်၏။
၅။ မကျက်မကြေသေးသော အစာသစ် အကြွင်းအကျန်ကို ကြေစေ၏။

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ရှင်မြတ်ဘုရားမှ ဟောကြားတော်မူကြောင်း သိရှိရ၏။

ဆည်သည်ရွာစား ဦးအောင်ကြီးကလည်း ရာသီဖွဲ့လူးတားတွင် သံဃာတော်တို့အား ဆယ်ပါးဝတ္တု၊ ယာဂုအဖျော်၊ ပူဇော်ရှင်ပြုံး၊ ဖွဲ့မဆုံးလျှင်၊ မီးပုံးသဘင် လှူကြီးရှင်သည်ဟု ယာဂုကို အဖျော်တစ်မျိုးဟု စပ်ဆိုခဲ့သည်။ အဖျော်မှာ သောက်ဖွယ်ပေယျာတည်း။

စင်စစ် ယာဂုကို ဆန်ပြုတ်အဖြစ် ကောက်ယူဖို့ခက်သည်၊ ရာဇဝင်ကြီးအလိုယာဂုကျိုသည်မှာ ထမင်းနဲ့ထိုးသည်ဟုပင်ဆိုနိုင်ပါသည်။ ထိုစဉ်အခါက အရပ်သူ၊ အရပ်သားတို့သည် ယာဂုကို ထမင်းနယ်၏အနက်ဖြင့် 'ထမနဲ' ဟု ခေါ်ကြပါ၏။ ထမင်းနယ်၊ ထမင်းနဲပင်တည်း။ ထို့ကြောင့် ယာဂုနှင့် ထမနဲ အခေါ်သာကွဲသည်၊ လွန်စွာတူသည်ဟု ပုံဆောင်ကြခြင်းဖြစ်သည်။

ယာဂုကျိုပွဲ သို့မဟုတ် ထမနဲပွဲကို ဘယ်အချိန်အခါက စတင်ဖြစ်ပေါ်လာသနည်း။ ဤအစဉ်အလာ၏ ရင်းမြစ်ကို ဆန်းစစ်ရန်မလွယ်လှပါ။ စာနှင့်ပေနှင့် သမိုင်းတင်ထားခြင်းမရှိ၍ အတိအကျပြောမရနိုင်ပါ။

ဆရာကြီး ဦးသော်ဇင်ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်တွင် ၎င်း၏ဖခင် ရွတ်ဆိုပြလေ့ရှိသော ထမနဲထိုးနည်းတေးထပ်ကို အောက်ပါအတိုင်း ဖတ်ရှုမှတ်သားလေ့လာသိရှိရပါသည်-

ကုံရာသီမာသ
သဘာဝရွှင်စွာ
ထာဝစဉ်အလာ
များသူငါ ခြိမ့်သဲ၊
ညာဇဗ္ဗူသာစုခေါ်ဆောင်
ယာဂုတော်ကျိုဆောင်သည့်ပွဲ။
စားတော်ရဆန်ပေါက်ဝါ
လေးပြည်သာထည့်မြဲ
ချိန်ပိဿာလျှမ်းကြည်ရွှဲအောင်လို့
နှမ်းဆီလဲထည့်ပြန်၊
မြေပဲဆန်အင်္ဂသုညငယ်နှင့်
ဒွါတ္တိံသတိလဗီဇံ။
အုန်းသီးစိတ်ကျပ်ဝီဆံငယ်
လောဏတံ ချိန်သတ်နှင့်
ချင်းနုဖတ် သိင်္ဂီမျှင်ရွှေ၊
သုံးကျပ်မသွေ
နည်းစဉ်ဆက်သမုဆွေရယ်
ဥပဒေမော်ကွန်းပလေး။ ။

ဟူ၍ဖြစ်ပါသည်။

ကုံရာသီမာသဆိုသည်မှာ တပို့တွဲလဖြစ်သည်။ ထို့ကြောင့် ရှေးပညာရှိတို့က "ကုံဟောမန်ငယ်၊ မာဃာ ယှဉ်ကွဲမို့"စသည်ဖြင့် စပ်ဆိုခြင်းဖြစ်၏။ စားတော်ရဆန်ပေါက်ဝါဟူသည်မှာ ကောက်ညှင်းဆန်တစ်မျိုး၏ အမည်ပင်ဖြစ်၏။ မင်းစိုးရာဇာတို့အတွက် စားတော်ဆက်ရသော ကောက်ညှင်းဆန်ဖြစ်၏။ လေးပြည်သာ ထည့်မြဲဟူသည်မှာ တစ်ခါထိုး တစ်အိုးစာအတွက် ကောက်ညှင်းဆန် လေးပြည်ထည့်ရမည်ဖြစ်၏။ တစ်ဒယ်စာပင်တည်း။ ချိန်ပိဿာလျှမ်းကြည်ရွှဲအောင်လို့၊ နှမ်းဆီလဲထည့်ပြန်ဟူသည်မှာ ထိုတစ်ဒယ်စာ ဆန်လေးပြည်ထိုးရာတွင် ပဲဆီ တစ်ပိဿာထည့်ရမည် ဟုလို။ မြေပဲဆန်အင်္ဂသုညငယ်နှင့် ဟူသည်မှာ မြေပဲရှစ်ဆယ်သားထည့်ရမည်ဟုလို။ အင်္ဂသုည ဟူသည်မှာ အင်္ဂါးရှစ်နှင့် သုည=(၈၀) = ရှစ်ဆယ် ဟု ဆိုလို၏။ ဒွါတ္တိံသတိလဗီဇံဟူသည်မှာ နှမ်း ၃၂ ကျပ်သားဟုလို (ဒွါတ္တိံသ= ၃၂။ တိလဗီဇံ= နှမ်း)။ အုန်းသီးစိတ် ကျပ်ဝီဆံငယ်ဟူသည်မှာ အုန်းသီးစိတ် ၂၀ ကျပ်သားဖြစ်၏။(ပိဿာ=၂၀) လောဏတံချိန်သတ်နှင့် ဟူသည်မှာ ဆား ၇ ကျပ်သားဟုလို (လောဏ တ= ဆား၊ သတ်=သတ္တ=၇)။ ချင်းနုဖတ်သိင်္ဂီမျှင်ရွှေ ဟူသည်မှာ ချင်းသုံးကျပ်သား ထည့်ရမည်ကို ဆိုလိုပါ၏။

၎င်းတေးထပ်ကို မည်သူမည်ဝါက ရေးစပ်ခဲ့သည်ဟူ၍ကား မပြောနိုင်သော်လည်း လူကြီးမိဘဆရာသမားများထံမှ တစ်ဆင့်စကားတစ်ဆင့်ကြား၍ မှတ်သားထားကြခြင်းသာ ဖြစ်ဖွယ်ရှိ၏။

မည်သို့ပင်ဖြစ်စေ ယင်းတေးထပ်သည် တပို့တွဲလရာသီသို့ရောက်သည့်အခါတိုင်း မြန်မာ့ရိုးရာအစဉ်အလာမပျက် ထမနဲထိုးလိုကြသူများအတွက် လွန်စွာအသုံးဝင်လှပေသည်။

သို့ဖြစ်၍ အလွယ်တကူ မှတ်သားနိုင်ကြစေရန် အောက်ပါအတိုင်း စကားပြေပြန်၍ တင်ပြလိုက်ရပေသည်။

(၁)	ကောက်ညှင်းဆန်	၄	ပြည်
(၂)	နှမ်းဆီ	၁	ပိဿာ
(၃)	မြေပဲဆန်	၈၀	ကျပ်သား
(၄)	နှမ်း	၃၂	ကျပ်သား
(၅)	အုန်းသီးစိတ်	၂၀	ကျပ်သား
(၆)	ဆား	၇	ကျပ်သား
(၇)	ချင်း	၃	ကျပ်သား

တို့ဖြစ်သည်။

သို့ဖြစ်၍ တပို့တွဲလ ထမနဲပွဲရာသီပြုလုပ်သော အလေ့အထရှိသော မြန်မာတို့သည် ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းကန်များ၊ နေအိမ်များ၊ ရပ်ကွက်၊ ကျေးရွာများတွင် ထမနဲထိုး၍ လှူဒါန်းဝေငှကြသော ဓလေ့ထုံးစံတစ်ခုဖြစ်၍ မြန်မာတို့အတွက် တပို့တွဲလ ထမနဲရာသီတွင် ရိုးရာဖြစ်သော ထမနဲကို ထိုးလိုပါက ၎င်းနည်းလမ်းအတိုင်း ထမနဲထိုးနိုင်ကြပြီး အရသာပိုမိုထူးကဲလိုပါက သစ်ကျားသီး၊ သီဟိုဠ်စေ့၊ မြေပဲစသည်တို့ကို လိုအပ်သလိုထည့်သွင်းနိုင်ကြ၏။

ထို့ကြောင့် တပို့တွဲ ထမနဲရာသီတွင် မြန်မာ့ရိုးရာအစဉ်အလာတစ်ရပ်ဖြစ်သော ထမနဲထိုး၍ လှူဒါန်းဝေငှရန်၊ အလှူဒါနပြုလုပ်လိုသူများအတွက် လေ့လာမှတ်သား၍ တပို့တွဲလထမနဲရာသီအကြောင်းကို ရှာဖွေတင်ပြလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၅ ၉။ အင်္ဂလိပ်စာသုတ
၄း၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၁၈)**
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၆။ Football Fullies & 500 Great Goals
၆း၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၂)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက်(၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ -စိတ်ကျဝေဒနာ (ချစ်လူလူအဖွဲ့နှင့်ဝက်မအဖွဲ့)
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ(အပိုင်း-၁၀)**
၂၉။ Mini Series
၃၀။ သင့်အတွက်မနက်ဖြန်
၃၁။ အပိတ်နှုတ်ဆက်စကား
၃၂။ ပြီးပါပြီ။

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ "2011 Prospect" အမည်ရှိ Myanmar Executive Forum ကို ဖေဖော်ဝါရီ ၁၈ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပရာ ဒေါက်တာမောင်မောင်လေး (အထွေထွေအတွင်းရေးမှူး၊ UMFCCI)**(အပေါ်ပုံ)**နှင့် ဦးသောင်းတင် (CEO၊ KMD)တို့က ဟောပြောကြသည်။ အဆိုပါ Seminarသို့ ကုမ္ပဏီအသီးသီးမှ မန်နေဂျင်းဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုတာဝန်ယူထားသူများ တက်ရောက်ခဲ့ကြပြီး City Mart Supermarket၊ MDG Co., Ltd.၊ IBTC Co., Ltd.နှင့် မင်းကြီးကြိုက်တို့က ပံ့ပိုးကူညီခဲ့ကြကြောင်းသိရှိရသည်။ (သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဦးသိန်းဝင်း (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း) သည် ကစားဖော်များဖြစ်ကြသော ဦးမိုးဦး၊ ဦးတင်မောင်အေး(Captain)၊ ဦးဖြိုးဇော်အောင်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက်တွင် မြန်မာ့ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V/No(2) ဘောလုံးကို Taylor Made Reseue No (4) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

အမက(၉)သာကေတ ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် အလက(၂)သာကေတ ပဥ္စမတန်းတွင် မြို့နယ်ဘက်စုံပထမဆုရရှိသူ မမြတ်ခိုင်ခိုင်ဖြိုးအား မြို့နယ် ပညာရေးမှူး ဒေါ်ခင်မြင့်ရီ ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၃၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်(စနေနေ့) နံနက် ၆နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

❖ ကျောဖုံးမှ

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ကယားပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးဇော်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ပြုံးပြုံးအေးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ လွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ကရင်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးစောစံလင်း၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးသိန်းကိုကိုနှင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ခင်ဆွေထွန်းတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ် ညွှန်ကြားရေးမှူး အငြိမ်းစား ဦးစန်းကို၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စစ်ကိုင်းတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး ဦးမျိုးမောင်နှင့်

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်း

ပထမအကြိမ် ကယားပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသ ကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပဲခူးတိုင်းဒေသကြီးတရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး ဦးမောင်မောင်ရွှေ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး အငြိမ်းစား ဦးကြည်သိန်းနှင့် တရားရုံးချုပ်(မန္တလေး)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးတင်ဟုန် (ခ) ဦးယုကျုံးတို့၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်း၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀) ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်လင်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်သန်းသန်းအေးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရား

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၆ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကျော်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးလှတင်နှင့် မော်လမြိုင် ခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးမြင့်သိန်းထွန်းတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်းကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ချင်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်

မွန်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးဝင်းမြင့်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တနင်္သာရီတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီး တရားသူကြီး ဦးတင်အောင်နှင့် ဧရာဝတီတိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး အငြိမ်းစား ဒေါ်ညွန့်ညွန့်ဆွေတို့၏ အမည်စာရင်းကို တိုင်းဒေသကြီး

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)



ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး) မှ ညွှန်ကြားရေးမှူး ဦးမြင့်ဝင်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးစလုံးက ကန့်ကွက်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	အတီးပြိုင်ပွဲ
၈း၂၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀	၁၀။	တေးဂီတအစီအစဉ်
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	Local Talent
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ကြေးမုံရိပ်သွင်တေးနှယဉ်
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	အမျိုးနှင့်မျိုး
၄း၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၇။	တေးဂီတအစီအစဉ်
၅း၂၀	၈။	"ငွေသောင်ယံကမ်း အလှပန်းချီ ချောင်းသာဆီ"
၅း၃၀	၉။	"ကြယ်စင်ဥယျာဉ်"
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၃။	"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၁)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ရယ်စရာဟာသများ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၅)**
	၂၀။	အစီအစဉ်ပြီး၏။

*စာမျက်နှာ ၇ မှ

ခန့်အပ်တာဝန်ပေးသင့်သော မကွေးတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး ဦးစိန်ထွန်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၆၈)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် မန္တလေးတိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်နုယဉ်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၆၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၄ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးစိုးသိန်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရန်ကုန်တိုင်းဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီးတရားသူကြီး ဒေါ်လှလှရီ၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်တင်နွယ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီးတရားသူကြီး ဒေါ်ကြင်သောင်း(ခ)ဒေါ်လေးလေးမွန်၊ မန္တလေးတိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဦးကြည်သိန်း(ခ) ဦးကြည်သိန်းအောင်၊ မကွေးတိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ခင်သင်းဝေနှင့် ပုသိမ်ခရိုင် တရားရုံးမှ ခရိုင်တရားသူကြီး ဦးသောင်းညွှန့်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၃ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။



ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)

မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြီး၏ အမည်စာရင်းကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် မန္တလေးခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးညီညီစိုးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၁)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရခိုင်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးကျော်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်စီစီတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(စက်စု) ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (စက်စု)ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး Mr. Christoph Burgener၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့်ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (SDC)မှ အရှေ့တောင်အာရှဒေသ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းရေးမှူး Mr.Thomas Fisler တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး**(အောက်ယာပုံ)** အမှာစကားပြောကြားကြသည်။

ထို့နောက် (SDC) ညှိနှိုင်းရေးမှူး Mr.Thomas Fisler က ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ် ပညာရေးမှူးများထံ စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (စက်စု) အပါအဝင် ဘိုကလေးနှင့် ဖျာပုံမြို့နယ်တို့အတွင်းရှိ ကျောင်း ၁၅ ကျောင်း၌ အသစ်ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်သစ် ၁၈ ဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ကျေးရွာပြည်သူ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်များသည် ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်အတွင်း နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်များ နေရာ၌ အဆင့်မြင့် မုန်တိုင်းဒဏ်ခံကျောင်းဆောင်များအဖြစ် ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (SDC)က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းဖြင့် ပြန်လည်တည်ဆောက်၍ ရေနှင့်သန့်ရှင်းမှုစနစ် အပါအဝင် ပရိဘောဂများအပြည့်အစုံဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။ စုစုပေါင်း ကျောင်းသား ၂၃၀၀ခန့်ပညာသင်ကြားနိုင်ကာ သဘာဝဘေးဒဏ်နှင့် ကြုံတွေ့ရပါက လူပေါင်း ၁၅၀၀၀ ခန့်အတွက် မုန်တိုင်းခိုလှုံရာ အဆောက်အအုံအဖြစ် အသုံးပြုနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ် ကျွမ်းကျင်မှု(အထူး)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ် ကျွမ်းကျင်မှု(အထူး) သင်တန်းအမှတ်စဉ် (၄/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသက်ကယ်လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို ယနေ့မှ ဧပြီ ၁ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၆၀ တို့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သရုပ်ပြသ

သင်တန်းဖွင့်ပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့်အသက်ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို စစ်ဆေးပြီး သရုပ်ပြသမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရခိုင်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးကျောက်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်စီစီတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၂၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်၊ တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးလှအေး၊ တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်စိုးစိုးအောင်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး ဒေါ်အေးသန်းနှင့် တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွဲ့တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၂၂)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးကြွယ်ကြွယ်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ခင်မေတင့်နှင့် ချင်းပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးခင်မောင်ဌေးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၃၈)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ဧရာဝတီတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီး တရားသူကြီး ဦးမြင့်သိန်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၂)ဦး စလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဦးသန်းထွန်းနှင့် တရားရုံးချုပ်မှ ရုံးအဖွဲ့မှူး ဦးမျိုးညွန့်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၉ နှင့် ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဧပြီ ၁ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၆၀ တို့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သရုပ်ပြသ

သင်တန်းဖွင့်ပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့်အသက်ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို စစ်ဆေးပြီး သရုပ်ပြသမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစား ပုညကုသလအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစားပုညကုသလအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနှင့်၂၀၁၁ခုနှစ် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) ဦးထောင်ဘိုလမ်းရှိ ရဲဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် အငြိမ်းစားများထဲမှ အသက် ၈၀ ကျော် ပုဂ္ဂိုလ်များအား ပူဇော်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကံကြီးကျေးရွာ အထက(ခွဲ)၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၄၈ရာခိုင်နှုန်းနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေမြင့်နှင့် ဆရာမနှစ်ဦးတို့အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "သေမင်းလက်ကလွတ်ဖို့ရာ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၄၀ ရွှေကျင်မြေတွင်တည်ထားပူဇော်ဆံတော်ရှင်အရှေ့မဟာဗုဒ္ဓဘုရားကြီး(ခေါ်)မွေတော်မွန်ရောဇ်စေတီတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၃၉)**
- ၈း၄၀ Activities in The City [အ. ထ. က(၃)မင်္ဂလာတောင်ညွန့်၏အာစရိယပူဇော်ပွဲ]
- ၉း၀၀ ပုံတောင်တောင်ကြောဆီသို့ ခရီးတစ်ခေါက်
- ၉း၁၅ Activities in The City [သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ငွေရတုအထိမ်းအမှတ်ဆရာကန်တော့ပွဲနှင့်ပြန်လည်တွေ့ဆုံပွဲ]
- ၉း၃၅ Cartoon Show Time (Alpha and Omega)
- ၁၀း၁၅ မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
- ၁၀း၄၀ Celebrity Style (ခင်ဘုဏ်း)
- ၁၁း၀၅ ရန်ကုန်မြင်ကွင်းကျယ် [Excellent Choice Professional သင်တန်းဖွင့်လှစ်ခြင်းနှင့် ကျောင်းသက်တမ်း(၈)နှစ်ပြည့်အခမ်းအနား]
- ၁၁း၃၀ စျေးဝယ်လမ်းညွှန် (Yuri Meiko)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ JICA Myanmar ၏မေတ္တာကွန်ရက်များဆီသို့. . . (သတင်းအချက်အလက်နှင့် နည်းပညာသင်တန်းစီမံကိန်း)
- ၁၂း၁၅ သင်ကြားရေးလမ်းညွှန် (တခိုင်လုံးရွှေအေးအေးမြင့် အကသင်တန်း)
- ၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Mr.e'corre & Ms,LISANGE ရွေးချယ်ပွဲ)
- ၁း၀၀ "သေမင်းလက်ကလွတ်ဖို့ရာ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ တိပိဋကယောဆရာတော်၏ သက်န်းသက်ရွှေရတုနှင့် ကျောင်းတိုက်တည်(၅၂)နှစ်ပြည့် ဓမ္မအောင်ပွဲစာအောင်သံဃာ အရှင်မြတ်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ
- ၂း၄၀ Activities in The City (ONLINE ကုန်စည်ပြပွဲ)
- ၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၂)**
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၉)**
- ၄း၃၅ အ. ထ. က(၁)သက်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ
- ၄း၅၀ The Champion of Dance
- ၅း၄၀ Myanmar Casual Wear Super Star Singing Contest အကြို ပြင်ဆင်နေမှုများ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ပုံတောင်တောင်ကြောဆီသို့ ခရီးတစ်ခေါက်
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၃)**
- ၇း၂၅ Celebrity Choice (Too Big)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ တို့တောကအလှူ [အင်ပူမြို့နယ် ညောင်ပင်သာရွာရဲ့ ရှင် (၁၀၈)ပါးရှင်ပြုအလှူတော်မင်္ဂလာ]
- ၈း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးပညာရေးဖောင်ဒေးရှင်းသို့ GARNIER မှလှူဒါန်းငွေ ပေးအပ်ပွဲအခမ်းအနား)
- ၉း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၀)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၅ စာအုပ်ပြခန်း (teen Magazine)
- ၁၀း၄၅ "ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၁)
- ၁၁း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
- ၁၁း၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်းအလှမွေးငါးများ)
- ၁၁း၄၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
- ၁၂း၃၀ အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
- ၁၂း၄၅ World of Knowledge (World's Toughest Fixes: Giant Antenna)
- ၁း၃၀ ကုသမန္တေးတီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁း၄၅ Movies Mistakes (Troy)
- ၂း၀၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
- ၂း၁၅ အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
- ၂း၄၀ လွန်းတင်သည့်ကြိုး (ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-Nova)
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၄း၁၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၄း၃၅ နည်းပညာအစွမ်းထက် Solar Hut
- ၄း၅၀ ကံကူထွင်ရှုခေါင်ပိတ်ချင်းမြောင်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် ဘားအံမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဖေဖော်ဝါရီ ၇ ရက်တွင် ဘားအံမြို့နယ် မြို့မပျိုးဥယျာဉ်၌ ကျင်းပသော ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်၊ သစ်စေ့မျိုးစုံ ပျိုးပွဲတော်သို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ တက်ရောက်လာသူများအား မျိုးစေ့များပေးဝေပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျိုးပင်များ ပျိုးထောင်ပေးပြီး စုပေါင်းပျိုးထောင်စိုက်ပျိုးပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနား၌ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ပြည်နယ်ဥက္ကဋ္ဌသည် ဖေဖော်ဝါရီ ၈ ရက်တွင် ဘားအံမြို့နယ် ကျုံဖဲကျေးရွာရှိ ဖရဲစိုက်ခင်း စိုက်ပျိုးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖရဲစိုက်တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တိုး စက်မှု(၁) မောင်မြန်မာ အမျိုးသား စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (စက်မှု-၁)

မောင်မြန်မာ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ဝဲလောင်မြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော စက်မှု(၁) မောင်မြန်မာ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ၏ အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် တောင်သာမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ ခြေတော်ရာဘုရားရှေ့စုရပ်၌ လည်းကောင်း၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲကို တောင်သာမြို့နယ် အောင်သာကျေးရွာစုရပ်၌ လည်းကောင်း ကျင်းပရာ စက်ဘီးအားကစားသမား မောင်မယ်များသည် မလှိုင်-တောင်သာ လမ်းမကြီးအတိုင်း စီးနင်းယှဉ်ပြိုင်ကြလျက် ဝဲလောင်မြို့ ဗိုလ်ရာညွှန့်ရုပ်တုရှေ့၌ ပန်းဝင်ကြရာ လမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် အားကစားဝါသနာရှင်များက တစ်ခဲနက် ကြိုဆိုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝဲလောင်မြို့ ဗိုလ်ရာညွှန့်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသား စက်ဘီးစီးပြိုင်ပွဲနှင့် အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသူများအား အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တိုးက လည်းကောင်း၊ ဒုတိယဆုရရှိကြသူများအား မြင်းခြံခရိုင် ဥက္ကဋ္ဌ ဦးလှမိုးက လည်းကောင်း၊ တတိယဆု ရရှိကြသူများအား တောင်သာမြို့နယ် ဥက္ကဋ္ဌ ဦးစိုးစိုးရွှေကလည်းကောင်း၊ ကျန်ဆုများကို မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့သည့် စက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသား စက်ဘီးစီးပြိုင်ပွဲဝင်သူ ၅၂ ဦးနှင့် အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဝင်သူ ၄၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး စုစုပေါင်း ဆုချီးမြှင့်ငွေမှာ ငွေကျပ် ၄၆၈၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုင်တီသင်တန်းကျောင်းမှ သင်တန်းသစ်များ ထပ်မံဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ အိုင်တီသင်တန်းသစ်များကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်နှင့် မတ်လဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ အခြေခံပညာအထက်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ၊ အဆင့်မြင့် အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများ၊ အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့်အိုင်တီနည်းပညာများအား ဆက်လက်လေ့လာလိုသူများ အထူးတက်ရောက်သင့်သောသင်တန်းများဖြစ်သည်။

တစ်ပတ်သုံးရက်

အိုင်တီ အခြေခံသင်တန်းသည် ယနေ့ လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်း အပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အင်တာနက်နှင့် အီးမေးလ် အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာ ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်ရမည်ဖြစ်သည်။

Essential Programming သင်တန်းသည် Programming နည်းပညာအား အခြေခံမှ စတင်လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည်လိုသူများအတွက် စတင်တက်ရောက်သင့်သောသင်တန်း ဖြစ်သည်။ ဤသင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်ရမည် ဖြစ်သည်။

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP ၏ ဆောင်ရွက်ချက်တို့အပြင် System Installation၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လဝန်းကျင်ခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ကြာသပတေး) တစ်ချိန်ရှိသဖြင့် မိမိနှင့် အဆင်ပြေမည့်အချိန်အား ရွေးချယ်တက်ရောက် သင်ကြားနိုင်သည်။

စုံစမ်းနိုင်

တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ အနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်။ အဆိုပါ သင်တန်းများကို M3WI သင်တန်းတည်ရှိရာ အဆောင် (၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ်လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း -၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မိုင်ရှည်အပြေးပြိုင်ပွဲကျင်းပ

အင်းတော် ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မိုင်ရှည်အပြေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၆ နာရီခွဲတွင် ကျင်းပရာ ပထမဆုရ မောင်အေးကြူ(ထီးချိုင့်)အား ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက လည်းကောင်း၊ ဒုတိယဆုရ မောင်အေးချမ်း (ထီးချိုင့်)အား ဒုတိယရဲမှူး ဦးရဲမြင့်က လည်းကောင်း၊ တတိယဆုရ မောင်မြတ်မင်းစိုး(ကသာ)အား ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆွေက လည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရသည်။ (၂၃၃)

ပညာဘဏ်တိုက် စာကြည့်တိုက်

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးနှင့်အဖွဲ့ဝင်များ ဖိလစ်ပိုင်သမ္မတနိုင်ငံ Cebu မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာရှ တိရစ္ဆာန် ဆေးကုဆရာဝန်များ အသင်း ကောင်စီအစည်းအဝေး တက်ရောက်ရန် ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ Cebu မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာရှ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း ကောင်စီအစည်းအဝေး (Federation of Asian Veterinary Council Meeting) သို့ တက်ရောက်ရန် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်ငွေနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အလုပ်အမှုဆောင်ကော်မတီဝင် စာရင်းစစ် ဒေါက်တာလှလှသိန်းတို့နှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗန်းမော်မြို့နယ် ထီးလင်းကျေးရွာနှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံနှင့် ရေဂါလန် ၁၈၀၀ ဆံ့ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် ထီးလင်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ညစာဖတ်ဝိုင်းတွင် စာရေးကိရိယာများ ထောက်ပံ့

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၁

ဆားလင်းကြီးမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့်အမှုဆောင်များ ဇန်နဝါရီ ၁၅ ရက်က လက်ပန်တောင်းကျေးရွာ အထက(ခွဲ)ကျောင်း၌ ဒသမတန်း ကျောင်းသား၊ ကျောင်းသူများ ညစာဖတ်ဝိုင်းသင်ကြားပြသမှုပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူ ၃၄ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ၎င်း ကျောင်းသား၊ ကျောင်းသူများအား အာဟာရအစားအစာ ယမ်းယမ်းခေါက်ဆွဲထုပ်၊ ကြက်ဥနှင့် စာရေးကိရိယာများ ထောက်ပံ့ခဲ့ကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၈ ရက်က ကျိုက်မရောမြို့ မြို့မဈေးတွင် စည်ပင်သာယာရေးအဖွဲ့နှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုများ သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးခွေသုံးလျှင် သတိယုဉ် အောက်တွင်ခံခွက်မမေ့နှင့်။

အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ရွှေငါးခု၊ ငွေတစ်ခု၊ ကြေးလေးဆုဆွတ်ခူးပြီး နိုင်ငံအလိုက် ပထမနေရာရရှိ

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၁

၂၀၁၁ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ရာ မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် လေးခုဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမနေရာရရှိခဲ့သည်။

ပြိုင်ခဲ့ပြီး မြန်မာမြားပစ်အဖွဲ့က ရွှေငါးခု၊ ငွေတစ်ခု၊ ကြေးလေးခု ရရှိကာ နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့ခြင်းဖြစ်သည်။ **(ကြေးမုံ)**

Compound အမျိုးသမီး တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတစ်ခု၊ ရှုံးထွက်ပြိုင်ပွဲတွင် ငွေတစ်ခုရရှိခဲ့သော အောင်ငှိမ်း။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ် ငါးခုကို အမျိုးသား Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Compound တစ်ဦးချင်း အမှတ်ပေး ပြိုင်ပွဲမှ အောင်ငှိမ်းက တစ်ခု တို့ ဆွတ်ခူးရယူပေးခဲ့ခြင်း ဖြစ်သည်။ ငွေတံဆိပ်တစ်ခုကိုမူ Compound အမျိုးသမီး တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲမှ အောင်ငှိမ်းက ရယူပေးခဲ့ပြီး ကြေးတံဆိပ် လေးခုကို Compound Mix-Team ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် အောင်ငှိမ်းအတွဲက တစ်ခု၊ Compound အမျိုးသား တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ ရဲမင်းဆွေက တစ်ခု၊ Recurve အမျိုးသမီး တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ သင်းသင်းခိုင်က တစ်ခုနှင့် Compound အမျိုးသား တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ ရဲမင်းဆွေက တစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။ Compound Mix-Team ပြိုင်ပွဲတွင် ကြေးတံဆိပ် ရရှိခဲ့သော ရဲမင်းဆွေနှင့် အောင်ငှိမ်းတို့အတွဲ တတိယနေရာလုပွဲတွင် ထိုင်းအသင်းကို အနိုင်ရရှိကာ ပစ်ခတ်ခဲ့သော ရမှတ် ၁၅၇ မှတ်မှာ ၎င်းတို့နှစ်ဦး တင်ထားသော အာရှစံချိန် ၁၅၃ မှတ်ကိုချိုးကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့ထိပ်သီး မြားပစ်နိုင်ငံများဖြစ်သော ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အီရန်တို့ အပါအဝင် နိုင်ငံပေါင်း ၂၀ နိုင်ငံ ပါဝင်ယှဉ်

University of Wales မှ ချီးမြှင့်သည့် B.A(Hons) နောက်ဆုံးနှစ် သင်ယူနိုင်

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၁

STI Education သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ ဘာသာရပ်အမျိုးမျိုး သင်ကြားပို့ချလျက်ရှိသည်။ ယခုအခါ STI မှ အဆင့်မြင့်ဒီပလိုမာ အောင်မြင်ပြီးသူများအနေနှင့် Wales တက္ကသိုလ်၏ BA (Hons) in Business ၏ နောက်ဆုံးနှစ်ကို သင်ယူနိုင်ပြီဖြစ်သည်။ ယင်းအစီအစဉ်သည် အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၏ BA (Hons) ကို ပြည်တွင်း၌ သင်ယူနိုင်သည့် ပထမဆုံးနှင့် တစ်ခုတည်းသော အစီအစဉ်ဖြစ်သည်။

ယင်းဘွဲ့ကို University of Wales, UK မှ ချီးမြှင့်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်မှ တိုက်ရိုက်သင်ကြားမည်ဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များမှာ Managing Self and Others, Strategic Management, Emerging Business Themes, Financial Decision Making, Marketing Strategy, Project Management တို့ဖြစ်ပြီး တစ်နှစ်မှ သုံးနှစ်အတွင်း မိမိစိတ်တိုင်းကျ အွန်လိုင်းမှ သင်ယူနိုင်မည်ဖြစ်သည်။ ယင်းနောက်ဆုံးနှစ် တက်ရောက်လိုသူများအနေနှင့် အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်း ပြည့်မီရမည်ဖြစ်သည်။ မပြည့်မီသူများအနေနှင့် STI ၌ English Foundation Program တက်ရောက်ရမည်ဖြစ်သည်။ Intake အားဖြင့် Jan, April, July, Oct လေးခုရှိကြောင်း သိရှိရသည်။

April Intake တွင် စတင်တက်ရောက်လိုသူများအနေနှင့် ဖေဖော်ဝါရီလနှင့် မတ်လဆန်းတွင် STI ၌ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ ကျောင်းလခသက်သာပြီး နောက်ဆုံးနှစ်အောင်မြင်သူများသည် အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၌ သွားရောက်၍ ဘွဲ့နှင်းသဘင် တက်ရောက်နိုင်ကြောင်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု အဆင့်မြင့်ဒီပလိုမာအောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

Wales တက္ကသိုလ်၏ BA (Hons) အောင်မြင်ပြီးသူများအနေနှင့် STI ၌ University of Bradford ၏ MBA ကိုလည်းကောင်း၊ University of Wales ၏ MBA ကိုလည်းကောင်း ဆက်လက်၍ သင်ကြားနိုင်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက STI Education တည်ရှိရာ အမှတ် (၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင် (၄) အခန်း (၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့ လည်းကောင်း ဖုန်း-၅၀၇၀၄၈နှင့် ၅၀၇၁၅၁ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်း၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်　ဖေဖော်ဝါရီ　၂၁

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် အမျိုးသား တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက် (၃၅)နှစ်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၄၅)နှစ်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၅၅)နှစ်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အမျိုးသားအသက်(၆၀)နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများ ဖေဖော်ဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁နှင့် ၃၈၁၉၉၂ လိုင်းခွဲ (၀)သို့ မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တောင်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော်　　ဖေဖော်ဝါရီ　၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **ဖေဖော်ဝါရီ ၂၂ ရက် ညနေထိခန့်မှန်းချက် ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတကာ အားကစားသတင်းများ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပထမအကျော့ ချယ်လ်ဆီးနှင့် မန်ယူတို့ အဝေးကွင်းရလဒ် ကောင်းနိုင်ပါမည်လား

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ပထမအကျော့၏ တတိယနေ့နှင့် စတုတ္ထနေ့ပွဲစဉ်များတွင် အသင်းကြီးများဖြစ်သည့် ချယ်လ်ဆီး၊ မန်ယူနှင့် ရီးယဲလ်မက်ဒရစ်တို့ အဝေးကွင်းတွင် ရလဒ်ကောင်းနိုင်မည်လား ဆိုသည်ကို ကြည့်ရှုခံစားကြရဦးမည်ဖြစ်သည်။

၂၃-၂-၂၀၁၁(ဗုဒ္ဓဟူးနေ့)
နံနက် ၂း၁၅နာရီ
ကိုပင်ဟေဂင်-ချယ်လ်ဆီး

ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်သည် အုပ်စု(D)တွင် ဘာစီလိုနာနောက်က အုပ်စုဒုတိယဖြင့် တက်လာပြီး ပထမဦးဆုံးအကြိမ် ရှုံးထွက်အဆင့်တက်

ချယ်လ်ဆီးတိုက်စစ်ကို ဦးဆောင်လာမည့် ဒရော့ဘာ။

ရောက်ဖူးခြင်းဖြစ်သည်။ ကိုပင်ဟေဂင်အနေဖြင့် အိမ်ကွင်းကစားရမည် ဖြစ်ခြင်းကြောင့် စိတ်ဓာတ်ကောင်းကောင်းဖြင့် ချယ်လ်ဆီးကို ရင်ဆိုင်လာမည်ဖြစ်သည်။ သို့သော် ချယ်လ်ဆီးအသင်းမှာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်လိုက်ရပြီဖြစ်သကဲ့သို့ ပရီမီယာလိဂ်ချန်ပီယံဆုကို ကာကွယ်နိုင်ရန်မှာလည်း အလှမ်းဝေးကွာသွားပြီဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးမျှော်မှန်းနိုင်သည်မှာ ချန်ပီယံလိဂ်သာရှိတော့သည်။ ယခုပွဲတွင် ချယ်လ်ဆီး အဝေးကွင်းကစားရမည် ဖြစ်သော်လည်း ဒရော့ဘာ၊ ဖာနန်ဒိုတောရက်စ်တို့ ဦးဆောင်လာမည့် တိုက်စစ်ကြောင့် အဝေးကွင်းနိုင်ပွဲရသွားလေမလားဟု တွေးထင်မိပါသည်။

လိုင်ယွန်-ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ်အသင်းသည် လိုင်ယွန်နှင့်စတိတ်ဒီဂါလန်းတွင် ဆုံတွေ့တိုင်း ရလဒ်မကောင်းခဲ့ပေ။ ယမန်နှစ်က ဥရောပ ၁၆ သင်းအဆင့် ရှုံးထွက်တွင်ပင် ဆုံတွေ့ခဲ့ရာ လိုင်ယွန်က ရီးယဲလ်မက်ဒရစ်ကို နောက်ကောက်ချနိုင်ခဲ့သည်။ လိုင်ယွန်သည် အုပ်စု(B)မှ ဒုတိယဖြင့် တက်လာသည့် အသင်းဖြစ်သော်လည်း အိမ်ကွင်းခြေစွမ်းထက်မြက်မှုရှိခြင်းကြောင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်ကို ခပ်ကြမ်းကြမ်း ခပ်မာမာတုံ့ပြန်ပြီး ရလဒ်ကောင်းအောင် ကြိုးစားလာဦးမည်ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အနေဖြင့် နည်းပြမော်ရင်ဟို၏ ဗျူဟာအစွမ်းဖြင့် စတိတ်ဒီဂါလန်း



စတိတ်ဒီဂါလန်း ရလဒ်ဆိုးကို ချေဖျက်ရန်ကြိုးစားလာမည့် စီရော်နယ်ဒို။

အတိတ်ဆိုးကို ချေဖျက်မည်ဟု ဆိုသော်လည်း ထင်သလောက်လွယ်မည်မဟုတ်ပေ။

၂၄-၂-၂၀၁၁(ကြာသပတေးနေ့)
နံနက် ၂း၁၅နာရီ
အင်တာမီလန်-ဘိုင်ယန်မြူးနစ်

ဆန်စီရိုတွင် လက်ရှိချန်ပီယံ အင်တာမီလန်နှင့်ဘိုင်ယန်မြူးနစ်တို့ ဆုံတွေ့မှုက ပွဲကောင်းတစ်ပွဲ ဖြစ်လာဦးမည်ဖြစ်သည်။ နှစ်သင်းစလုံး ပြည်တွင်းလိဂ်များတွင် ရုန်းကန်နေရပြီး ဘိုင်ယန်မြူးနစ်မှာ ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်ရန်ပင် မလွယ်တော့ပေ။ ထို့ကြောင့် ချန်ပီယံလိဂ်ဘက်သို့ အာရုံစိုက်လာမည့် ဘိုင်ယန်မြူးနစ်သည် ယမန်နှစ်က ရှုံးကြွေးကို ပြန်ဆပ်ရန် ကြိုးစားလာမည်ဖြစ်သည်။ သို့သော် ယခုပွဲက အီတလီမြေတွင် ဖြစ်နေ၍ သရေဆိုလျှင် သင့်လျော်သည့် အဖြေဖြစ်မည်ဟု ဆိုချင်ပါသည်။

မာဆေးလ်-မန်ယူ

မာဆေးလ်သည် အုပ်စု(F)မှ ဒုတိယဖြင့် တက်လာပြီး မန်ယူထက်အားနည်းသည့်အသင်းဟု ဆိုသော်လည်း ပြင်သစ်မြေတွင် ကစားရမည်ဖြစ်ခြင်းကြောင့် လျှော့မတွက်သင့်ပေ။ မန်ယူအသင်း လူစုံထုတ်ပွဲထွက်လာမည်ဖြစ်သော်လည်း အိမ်ကွင်းကစားအားကောင်းသည့် မာဆေးလ်ကြောင့် အခက်တွေ့နိုင်သည်။ သို့သော် မန်ယူအနေဖြင့် ငါးနှစ်ဆက်တိုက် ကွာတားအဆင့်သို့ တက်ရောက်နိုင်ရန် ကြိုးစားလာမည်ဖြစ်ခြင်းကြောင့် အဝေးကွင်းတွင် အနည်းဆုံး သရေရအောင်ထိန်းကစားသွားမည်ဟု ယူဆရပါသည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်တွင် သူတို့ဆုံတွေ့မည်

လန်ဒန်　ဖေဖော်ဝါရီ　၂၁

အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယမန်နေ့က ထုတ်ပြန်ခဲ့ရာ မန်ယူအသင်းမှာ အိမ်ကွင်းတွင် အာဆင်နယ်(သို့) လူတန်အိုရီယင့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘာမင်ဂမ်နှင့် ဘော်လ်တန်၊ စတုတ်စီးတီးနှင့် ဝက်စ်ဟမ်း/ဘန်လေ၊ မန်စီးတီး/ဗီလာနှင့် အဲဗာတန်/ရီဒင်းတို့ ဆုံတွေ့မည်ဖြစ်သည်။ ယင်းကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၂ရက်(စနေနေ့) တွင် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။ ***အင်တာနက်။***

ဟန်သစ်

မကွေးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ မီးလောင်

နေပြည်တော်　ဖေဖော်ဝါရီ　၂၁

မကွေးမြို့နယ် ညောင်ပင်ရွာကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့သဖြင့် နေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၁၄ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ မီးဘေးဒုက္ခသည်များအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး ထမင်းထုပ်များ စီစဉ်ပေးထားကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တဲ ၁၄ လုံး ထောက်ပံ့ပေးထားကြောင်း၊ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးအား စာအုပ်များ ထောက်ပံ့၍ စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ပေးထားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ စက်မှုဇုန်အတွင်းရှိ သံရည်ကျိုစက်ရုံတစ်ရုံ၌ ထရန်စဖော်မာမှ ဝါယာရှော့ဖြစ်နေကြောင်း တွေ့ရှိရ၍ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ် ထရန်စဖော်မာမှ မီးပန်းများ ထွက်ကာ တာဝန်ရှိသူသုံးဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်သဖြင့် မီးအလွယ်တကူ ကူးစက်လောင်ကျွမ်းနိုင်ရာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ဆောင်ထားခြင်း စသည်ဖြင့် ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန် မီးသတ်ဦးစီးဌာနမှ သတိပေးနှိုးဆော်ထားကြောင်းသိရှိရသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

အဆိုပါအစည်းအဝေးများတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်များဖြင့် အသီးသီး အတည်ပြုကြေညာခဲ့ကြကြောင်း သိရှိရသည်။



ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ကချင်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးတူးဂျာ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့❖**

ထူးခြားသည့် ညအပူချိန်များ

၂၁-၂-၂၀၁၁

လှိုင်လင်	ဟားခါး
၄ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်